# မြန်မာနိုင်ငံ တာဝန်ရှိရင်းနှီးမြုပ်နှံမှုဆိုင်ရာ အစီရင်ခံတင်ပြခြင်းလိုအပ်ချက်များ

*OMB NO.* 1405-0209
*EXPIRES:* 05/31/2016
*Estimated Burden (weighted average) –21 hours*
*Contact:* BurmaPRA@state.gov

## မြန်မာနိုင်ငံအတွင်း တာဝန်ယူမှု ရင်းနှီးမြုပ်နှံမှုများဆိုင်ရာ အစီရင်ခံတင်ပြခြင်း လိုအပ်ချက်များ

နိဒါန်း - ဤအထောက်အထားစာရွက်စာတမ်းသည် အမေရိကန်ပြည်ထောင်စု ဘဏ္ဍာရေးဌာန၏ နိုင်ငံခြား ရင်းနှီးမြုပ်နှံမှုပစ္စည်းများထိန်းချုပ်ရေးဌာန (OFAC)၊ အထွေထွေလုပ်ငန်းလိုင်စင်ခွင့် အမှတ် ၁၇ (GL – 17) ရင်းနှီးမြုပ်နှံမှုလုပ်ငန်းများဆိုင်ရာ အစီရင်ခံစာတင်ပြခြင်း စည်းမျဉ်းနှင့်အညီ မြန်မာနိုင်ငံတွင် ပြုလုပ်မည့် ရင်းနှီး မြုပ်နှံမှုအသစ်များ ( 31 C.F.R & 537.311) အရ ရင်းနှီးမြုပ်နှံမှုဆောင်ရွက်လိုသည့် အမေရိကန်နိုင်ငံသားများ (31 C.F.R & 537.321 တွင် အဓိပ္ပါယ်ဖွင့်ဆိုထားသည့်အတိုင်း) အတွက် ရည်ညွှန်းသည်။ အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာနသို့ တင်ပြရမည့် မြန်မာနိုင်ငံဆိုင်ရာ ရင်းနှီးမြုပ်နှံမှု အသစ်များ နှင့် ပတ်သက်သည့် အစီရင်ခံစာတင်ပြခြင်းလိုအပ်ချက် နှစ်ခုရှိသည်။ (၁) သဘောတူညီချက်တစ်ခုအရ သော်လည်းကောင်း အဆိုပါသဘောတူညီချက်တွင်ပါရှိသော အခွင့်အရေးအရသော်လည်းကောင်း မြန်မာ့ရေနံနှင့်ဓါတ်ငွေ့လုပ်ငန်း(MOGE)နှင့် ရင်းနှီးမြုပ်နှံမှုလုပ်ကိုင်မည့် အမေရိကန်နိုင်ငံသားတိုင်းသည် အမေရိကန်ပြည်ထောင်စုနိုင်ငံခြားရေးဝန်ကြီးဌာနသို့ ၎င်းရင်းနှီးမြုပ်နှံမှု (MOGE နှင့်ရင်းနှီးမြုပ်နှံမှု အကြောင်းကြားချက်)အား အကြောင်းကြားရမည်။ (၂) မြန်မာနိုင်ငံတွင် အမေရိကန်ဒေါ်လာ ၅၀၀၀၀၀ အထက် ရင်းနှီးမြုပ်နှံလိုသည့် အမေရိကန်နိုင်ငံသားတိုင်းသည် အောက်ပါ (နှစ်ပတ်လည် အစီရင်ခံတင်ပြခြင်း လိုအပ်ချက်) တွင်ဖေါ်ပြထားသည့်အတိုင်း အကျုံးဝင်သည်။ ဒုတိယအစီရင်ခံတင်ပြခြင်းလိုအပ်ချက်တွင် ပုံစံနှစ်ခုရှိသည်။ အမေရိကန်အစိုးရထံသို့ တင်သွင်းရသည့် ပုံစံနှင့် အများပြည်သူသို့ ထုတ်ပြန်ရသည့် ပုံစံဟူ၍ ဖြစ်သည်။

၁။ MOGE ရင်းနှီးမြုပ်နှံမှု အကြောင်းကြားချက်

သဘောတူညီချက်တစ်ခုအရ သော်လည်းကောင်း အဆိုပါသဘောတူညီချက်တွင်ပါရှိသော အခွင့်အရေးအရ သော်လည်းကောင်း မြန်မာ့ရေနံနှင့်ဓါတ်ငွေ့လုပ်ငန်း(MOGE)နှင့် ရင်းနှီးမြုပ်နှံမှုလုပ်ကိုင်မည့် အမေရိကန်နိုင်ငံသားတိုင်းသည် အမေရိကန်ပြည်ထောင်စုနိုင်ငံခြားရေးဝန်ကြီးဌာန သို့ ၎င်းရင်းနှီးမြုပ်နှံမှု (MOGE ရင်းနှီးမြုပ်နှံမှု အကြောင်းကြားချက်)အား ရက်ပေါင်း ၆၀ အတွင်း MOGEnotification@state.gov အားလိပ်မူ၍ စာအားဖြင့်အကြောင်းကြားရမည်။

၂။ နှစ်ပတ်လည် အစီရင်ခံစာတင်ပြခြင်း လိုအပ်ချက်

ဤအစီရင်ခံစာတင်ပြခြင်းလိုအပ်ချက်သည် မြန်မာနိုင်ငံအတွင်း အမေရိကန်ပြည်ထောင်စု၏ နိုင်ငံခြားရေး မူဝါဒဆိုင်ရာ အဓိကစိုးရိမ်ချက်များနှင့် သက်ဆိုင်သည်။ အမေရိကန်အစိုးရသည် မြန်မာနိုင်ငံအတွင်း အဓိကစိုးရိမ်ဖွယ်ရာ အကြောင်းအရာများနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို ထိုအစီရင်ခံစာများ မှတဆင့် ရနိုင်သည် ။ မြန်မာ့နိုင်ငံရေးအသွင်ကူးပြောင်းမှု အပါအဝင် GL-17 စည်းမျဉ်းအရ ခွင့်ပြုထားသော ရင်းနှီးမြုပ်နှံမှုများ၏ သက်ရောက်မှုနှင့် ရလဒ်များကို အမေရိကန်အစိုးရက သိရှိနိုင်ရန် အတွက်လည်း အထောက်အကူဖြစ်စေသည်။ အစီရင်ခံတင်ခြင်းလိုအပ်ချက်သည် တည်ဆဲအမေရိကန်ဥပဒေအား ကျော်လွန်သော တာဝန်ခံခြင်းမျိုး မရှိစေရ။ အစီရင်ခံစာတွင် သတ်မှတ်ထားသော သတင်းအချက်အလက်များ ပါရှိလျှင် မည်သည့်ပုံစံနှင့်မဆို တင်ပြနိုင်သည် ။ ပုံစံတသတ်မတ်တည်း ဖြစ်ရန်မလိုပေ ။

## <u>မြန်မာနိုင်ငံ တာဝန်ရှိရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အစီရင်ခံတင်ပြခြင်းလိုအပ်ချက်များ</u>

အမေရိကန်နိုင်ငံသား (ဤနေရာမှစ၍ "အစီရင်ခံစာတင်သွင်းသူ" ဟု ခေါ်ဆိုမည်။) သည် အောက်ဖော်ပြသည့် အတိုင်း အစီရင်ခံစာအား ပုံစံနှစ်မျိုး တင်သွင်းရမည်။

အမေရိကန်အစိုးရထံသို့တင်သွင်းသည့် အစီရင်ခံစာ။ အစီရင်ခံစာတင်သွင်းသူသည် အမေရိကန်အစိုးရအတွက် (အမေရိကန်အစိုးရထံသို့ တင်သွင်းသည့်အစီရင်ခံစာ) အစီရင်ခံစာအား အောက်တွင် ဖော်ပြထားသော သတင်းအချက်အလက်များအပါအဝင်(အများပြည်သူအစီရင်ခံစာအတွက်သာအကျုံးဝင်သော "အသိအမှတ်ပြုခြင်း" နံပါတ်၂ မှ အပ) အစီရင်ခံတင်ပြရမည်။ အစိုးရအစီရင်ခံစာတွင်ပါဝင်သော သတင်းအချက်အလက်များကို ဥပဒေအရခွင့်ပြုသည်ထက်ကျော်လွန်၍ အမေရိကန်အစိုးရက အများပြည်သူသို့ ထုတ်ပြန်ခြင်း ပြုမည် မဟုတ်။ အစိုးရအစီရင်ခံစာအား BurmaUSGReport@state.gov သို့ လိပ်မူတင်ပြရမည်။

အများပြည်သူအစီရင်ခံစာ။ အစီရင်ခံစာတင်ပြသူသည် အောက်ပါ အမှတ် (၁) မှ (၈) အထိ ဖော်ပြထားသည့် သတင်းအချက်အလက်များပါရှိသည့် ဒုတိယအစီရင်ခံစာပုံစံတင်သွင်းရမည်။ (အများပြည်သူအစီရင်ခံစာ) အစီရင်ခံစာအား အများပြည်သူ သို့ ထုတ်ပြန်မည်ဖြစ်သည်။ အများပြည်သူအစီရင်ခံစာအား BurmaPublicReport@state.gov သို့ လိပ်မူတင်ပြရမည်။

အကယ်၍ အစိုးရအစီရင်ခံစာပါ အမှတ်စဉ် (၁) မှ (၈) အထိ ပါဝင်ရမည့် သတင်းအချက်အလက်များသည် FOIA ချွင်းချက် အမှတ် (၄) အရ အများပြည်သူထံသို့ မတင်ပြသင့်သော သတင်းအချက်အလက်များဖြစ်သည်ဟု ရိုးသားစွာယုံကြည်ပါက အစီရင်ခံစာတင်သွင်းသူအနေဖြင့် အောက်ပါအဆင့်များ လုပ်ဆောင်ရန်လိုအပ်သည်။

(၁) အများပြည်သူထံတင်ပြရာတွင် မပါဝင်သင့်ကြောင်းနှင့် မည်သည့်အကြောင်းကြောင့် အဆိုပါသတင်းအချက်အလက်အား ထိန်ချန်ထားသင့်ပါသည်ဟူသော လုံလောက်သော အကြောင်းပြချက်နှင့်အတူ ၎င်းသတင်းအချက်အလက်များကို အစိုးရအစီရင်ခံစာတွင် သိသိသာသာ အမှတ်အသားပြုပေးရမည်။

(၂) အစီရင်ခံစာတင်သွင်းသူ၏ ရှင်းလင်းပြချက်တွင် အဆိုပါသတင်းအချက်အလက်သည် (၁) ကုန်သွယ်ရေးလျှို့ဝှက်ချက် (သို့မဟုတ်) လျှို့ဝှက်ထားရမည့် စီးပွားရေး (သို့မဟုတ်) ဘဏ္ဍာရေးသတင်းအချက်အလက်ဖြစ်ကြောင်း တိတိကျကျရှင်းပြရမည်ဖြစ်သည်။ ထို့အပြင် ၎င်းသတင်းအချက်အလက်အား ပြင်ပသို့ ထုတ်ပြန်လိုက်ခြင်းကြောင့် အစီရင်ခံစာတင်သွင်းသူ၏ လုပ်ငန်းပြိုင်ဆိုင်မှုအား ထဲထဲဝင်ဝင်နစ်နာမှုဖြစ်ပါနိုင်သည်ဟူသော ခိုင်မာသည့် ရှင်းလင်းချက် ပါရှိရမည်။

(၃) အစီရင်ခံစာတင်သွင်းသူအနေဖြင့် အစိုးရအစီရင်ခံစာတွင် ဖော်ပြပြီး အများပြည်သူအစီရင်ခံစာတွင် မဖော်ပြသော မေးခွန်းတခုချင်းစီ (၁ မှ ၈ အထိ) အတွက် နောက်ထပ်အသေးစိတ် သတင်းအချက် အလက်ဖော်ပြခြင်း မရှိကြောင်းနှင့် ထည့်သွင်းဖော်ပြခြင်း မရှိရခြင်း အကြောင်းရင်းကို အများ ပြည်သူအစီရင်ခံစာတွင် ရည်ညွှန်းဖော်ပြရမည်။ သာဓကအားဖြင့် ၎င်းသတင်းအချက်လက်သည် ကုန်သွယ်ရေးလျှို့ဝှက်ချက်ဖြစ်သဖြင့် FOIA စည်းမျဉ်းအရ ထိန်ချန်ခွင့်ရှိသောကြောင့် အသေးစိတ်ဖော်ပြခြင်းမရှိပါကြောင်း အစီရင်ခံစာတင်သွင်းသူ အနေဖြင့် ရေးသား ဖော်ပြနိုင်သည်။

(၄) ဤအများပြည်သူအစီရင်ခံစာသည် လူထုရှေ့သို့ ချပြမည့်အစီရင်ခံစာဖြစ်ကြောင်း အစီရင်ခံစာတင်သွင်းသူမှ နားလည်ပါသည်ဟု အသိအမှတ်ပြုချက်ကို အများပြည်သူအစီရင်ခံစာတွင် ထည့်သွင်းရမည်။ အစီရင်ခံစာတင်သွင်းသူသည် FOIA ချွင်းချက်စည်းမျဉ်း အမှတ် (၄) အရ ထိန်ချန်ထားနိုင်သော သတင်းအချက်များကို သက်ဆိုင်ရာသို့ တင်ပြခြင်းမပြုခင် စိတ်ရင်းအမှန်နှင့် ပြန်လည်တည်းဖြတ်နိုင်သည်။

**အမေရိကန်အစိုးရအစီရင်ခံစာ နှင့် အများပြည်သူအစီရင်ခံစာများ ဖြည့်စွက်ခြင်းအတွက်**

## မြန်မာနိုင်ငံ တာဝန်ရှိရင်းနှီးမြုပ်နှံမှုဆိုင်ရာ အစီရင်ခံတင်ပြခြင်းလိုအပ်ချက်များ

### အထွေထွေလမ်းညွှန်ချက်

အကယ်၍ အစီရင်ခံစာတင်သွင်းသူသည် အောက်ဖော်ပြပါ အစီရင်ခံစာမေးခွန်းများအနက် တစ်ခု (သို့မဟုတ်) ထို့ထက်ပိုသော မေးခွန်းများအတွက် အစီရင်ခံတင်ပြရန် သတင်းအချက် အလက်မရှိပါက အစီရင်ခံရန် သတင်းအချက်မလက်မရှိကြောင်း ရှင်းလင်းချက်အကျဉ်းချုပ်နှင့်တကွ တင်ပြရမည်။ သာဓကအားဖြင့် အလုပ်သမားအခွင့်အရေးမူဝါဒနှင့် ပတ်သက်၍ တရားဝင်ပြဌာန်းထားသော ဥပဒေမရှိသဖြင့် အဆိုပါ အကြောင်းအရာနှင့် ပတ်သက်ပြီး အကျဉ်းချုပ်တင်ပြနိုင်ခြင်းမရှိကြောင်း အစီရင်ခံစာတင်သွင်းသူက ရေးသားတင်ပြနိုင်သည်။

နောက်ဆက်တွဲ တွင် နိုင်ငံတကာစံသတ်မှတ်ချက်၊ စည်းမျဉ်းဥပဒေသများ၊ လမ်းညွှန်ချက်အပြင် အလားတူ မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများ ပြုစုရာတွင် အသုံးဝင်မည့် အခြားသော လူ့အခွင့်အရေးသဘောတူညီ ချက်များ ကို ဖော်ပြထားရမည် ။

အစီရင်ခံစာတင်ရမည့်ရက် - ဒေါ်လာ ၅ သိန်း သတ်မှတ်ချက်သို့ရောက်သည်နှင့် ရက်ပေါင်း ၁၈၀ အတွင်း အစီရင်ခံစာများ ပေးပို့ရမည်ဖြစ်ပြီး နှစ်စဉ်အစီရင်ခံစာများကို ဇူလိုင်လ ၁ ရက်နေ့နောက်ဆုံးထား တင်ပြရမည်။ အစီရင်ခံစာတင်သွင်းသူများသည် ဘဏ္ဍာရေးနှစ်ကို အခြေခံ၍သော်လည်းကောင်း ၊ ပြက္ခဒိန်နှစ်ကို အခြေခံ၍ သော်လည်းကောင်း အစီရင်ခံစာအား တင်ပြရမည်ဖြစ်သည်။ သို့သော် အစီရင်ခံစာတခုချင်းစီတွင် ကာလ အပိုင်းအခြားအား ဖော်ပြရမည်။ ကနဦးအစီရင်ခံစာအပြီး နောက်ပိုင်းအစီရင်ခံစာတစ်ခုချင်းစီတွင် အစီရင်ခံစာ တင်သွင်းသူသည် အစီရင်ခံစာမေးခွန်းတခုချင်းစီနှင့်ပတ်သက်၍ အပြောင်းအလဲတစ်စုံတစ်ရာ (သို့မဟုတ်) နောက်ဆုံးအခြေအနေထူးခြားချက်များကို တင်ပြအစီရင်ခံရမည်။

---

## မြန်မာနိုင်ငံ တာဝန်ရှိရင်းနှီးမြုပ်နှံမှုဆိုင်ရာ အစီရင်ခံတင်ပြခြင်းလိုအပ်ချက်များ

### အစီရင်ခံစာမေးခွန်းများ

**၁။ အမည်** - အစီရင်ခံစာတင်သွင်းသူအမည်
**၂။ အသိအမှတ်ပြုခြင်း (အများပြည်သူအစီရင်ခံစာအတွက်သာ)** - ဤအများပြည်သူအစီရင်ခံစာသည် လူထုရှေ့သို့ ချပြမည့်အစီရင်ခံစာဖြစ်ကြောင်း အစီရင်ခံစာတင်သွင်းသူအနေနှင့် နားလည်ပါသည်ဟု အသိအမှတ်ပြုချက်ကို အများပြည်သူအစီရင်ခံစာတွင် ထည့်သွင်းရမည်။ အစီရင်ခံစာတင်သွင်းသူသည် FOIA ချွင်းချက်စည်းမျဉ်း အမှတ် (၄) အရ ထိန်ချန်ထားနိုင်သော သတင်းအချက်များကို သက်ဆိုင်ရာသို့ တင်ပြခြင်း မပြုခင် စိတ်ရင်းအမှန်နှင့် ပြန်လည်တည်းဖြတ်နိုင်သည်။

**၃။ ဆက်သွယ်ရန်** - ယခုအစီရင်ခံစာနှင့်ပတ်သက်၍ အများပြည်သူစုံစမ်းမေးမြန်းမှုပြုနိုင်ရန် အတွက် ဆက်သွယ်ရမည့် လိပ်စာအချက်အလက်များအား ပေးရမည်။

### ၄။ မြန်မာနိုင်ငံအတွင်းလုပ်ငန်းအကျဉ်းချုပ်။

(က) ယခုအစီရင်ခံစာ၌ အကျုံးဝင်သည့် မြန်မာနိုင်ငံအတွင်း စီးပွားရေးလုပ်ကိုင်နေသည့် လက်ခွဲကုမ္ပဏီများ အပါဝင် ကုမ္ပဏီအမည် (များ)

(ခ) မြန်မာနိုင်ငံအတွင်း လုပ်ကိုင်နေသော စီးပွားရေးအမျိုးအစားပုံစံ

(ဂ) မြန်မာနိုင်ငံအတွင်း စီးပွားရေးလုပ်ကိုင်နေသော တည်နေရာ (များ) နှင့်
(ဃ) အစီရင်ခံစာသက်တမ်းအတွင်း အပါအဝင် မြန်မာနိုင်ငံတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းဦးရေ (မြန်မာနိုင်ငံသား နှင့် မြန်မာနိုင်ငံသားမဟုတ်သူ ဝန်ထမ်းအမျိုးအစား ခွဲခြားပြပါ။)

## ၅။ လူ့အခွင့်အရေး၊ အလုပ်သမားအခွင့်အရေး၊ လာဘ်ပေးလာဘ်ယူမှု ဆန့်ကျင်ရေး၊ သဘာဝပတ်ဝန်းကျင် ဆိုင်ရာ မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများ။[1]

အစီရင်ခံစာတင်သွင်းသူ၏ မြန်မာနိုင်ငံအတွင်း လုပ်ငန်းများ၊ Supplies change (ထုတ်လုပ်ရောင်းချမှု ကွင်းဆက်) များနှင့် ဆက်နွယ်သော မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများအကြောင်း အကျဉ်းချုပ် (သို့မဟုတ်) မိတ္တူများ တင်ပြရမည်။
က။ မြန်မာနိုင်ငံတွင်းဆောင်ရွက်နေသော လုပ်ငန်းကြောင့် ဖြစ်ပေါ်လာသည့် လူ့အခွင့်အရေး၊ အလုပ်သမား အခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သတ်ရောက်မှုများကိုဖြေရှင်းနိုင်သည့် (အန္တရာယ်နှင့် သက်ရောက်မှု လေ့လာအကဲဖြတ်ချက်နှင့်ပါ သက်ဆိုင်သော လုပ်ထုံးလုပ်နည်းများအပါအဝင်) ဆင့်ကဲ ကြီးကြပ် ဆောင်ရွက်သည့် မူဝါဒများ၊လုပ်ထုံးလုပ်နည်းများ [2]
ခ။ မြန်မာနိုင်ငံအတွင်း လာဘ်ပေးလာဘ်ယူဆန့်ကျင်မှု လုပ်ထုံးလုပ်နည်းများနှင့် မူဝါဒများ[3]
ဂ။ မြန်မာနိုင်ငံအတွင်း ရပ်ရွာအသိုင်းအဝန်း နှင့် လုပ်ငန်းတူ ဆက်စပ်လုပ်ကိုင်ခြင်းဆိုင်ရာ မူဝါဒများနှင့် လုပ်ထုံး လုပ်နည်းများ (အကယ်၍ အစီရင်ခံတင်သွင်းသူသည် ယနေ့ကာလအထိ လုပ်ငန်းတူ ဆက်စပ်လုပ်ကိုင် ထားခြင်းရှိပါက အကျဉ်းချုပ်ရေးပါ။) [4]
ဃ။ အလုပ်သမား နှင့် ဒေသခံများထံမှ မကျေနပ်များကို တိုင်ကြားလျှင် ကြားနာခြင်းဆိုင်ရာ မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများ။ ၎င်းလုပ်ထုံးလုပ်နည်းများတွင် ကုစားပေးမှု လုပ်ငန်းစဉ် ရှိမရှိ နှင့် အလုပ်သမားများ နှင့် ဒေသခံ လူမှုအသိုင်းအဝန်းများသည် ၎င်းလုပ်ငန်းစဉ်အား သိရှိခြင်း ရှိမရှိ။[5]
င။ လူ့အခွင့်အရေး၊ ရေရှည်တည်တံ့မှု၊ အလုပ်သမားအခွင့်အရေး၊ လာဘ်ပေးလာဘ်ယူဆန့်ကျင်ရေး နှင့် သဘာဝပတ်ဝန်းကျင်ကိစ္စများအပါအဝင် နိုင်ငံတကာကော်ပိုရေးရှင်းများ၏ လူမှုရေးတာဝန်ရှိမှုမူဝါဒများနှင့်
စ။ မေးခွန်း နံပါတ် ၅ (က) မှ ၅ (ဃ) အထိဖော်ပြထားသော မူဝါဒများ နှင့် လုပ်ထုံးလုပ်နည်းများသည် မြန်မာနိုင်ငံအတွင်း သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် မည်သည့် အတိုင်းအတာအထိ အကျုံးဝင်ခြင်း၊ လိုက်နာရန် လိုအပ်ခြင်း သို့မဟုတ် ဆက်နွယ်မှု ရှိ မရှိ။ (လက်ခွဲစီးပွားရေးလုပ်ငန်းများ၊ လက်ခွဲ ကန်ထရိုက်များ နှင့် အခြား စီးပွားရေးဖက်စပ်များပါ အပါအဝင်ဖြစ်သည်။)

---

[1] For further information on human rights principles and practices, see the United Nations Guiding Principles on Business and Human Rights at the Appendix, which contains a list of relevant human rights and labor rights instruments, as well as the State Department Annual Country Report on Human Rights Practices for Burma for a non-exhaustive list of the range of rights at issue, available at www.humanrights.gov.

[2] For further information on due diligence, see the OECD Guidelines for Multinational Enterprises ("OECD Guidelines"), particularly Section IV. Human Rights, Section V. Employment and Industrial Relations, and Section VI. Environment, IFC Performance Standard 1, and the OECD's Common Approaches for Officially Supported Export Credits and Environmental and Social Due Diligence found at the Appendix

[3] For further information on anti-corruption principles and practices, see the OECD Guidelines, Section VII. Combating Bribery, Bribe Solicitation and Extortion, and the OECD Good Practice Guidance on Internal Controls, Ethics, and Compliance.

[4] For further guidance on stakeholder consultation see IFC Performance Standard 7 and the Good Practice Handbook for Companies Doing Business in Emerging Markets at the Appendix.

[5] For further guidance on grievance processes see Principles 19, 22, and 31 of the UN Guiding Principles on Business and Human Rights found at the Appendix.

**၆။ လုံခြုံရေးဝန်ဆောင်မှုပေးသူများနှင့် စီစဉ်မှုများ။**[6] **အစီရင်ခံတင်ပြသူသည် လုံခြုံရေးဝန်ဆောင်မှုပေးသူများနှင့် စီစဉ်ထားရှိမှုများနှင့်ပတ်သက်၍ အောက်ပါသတင်းအချက်အလက်များပေးပါ။**

(က) လုံခြုံရေးဝန်ဆောင်မှုပေးသူ (များ) အမည် (များ)

(ခ) လုံခြုံရေးဝန်ဆောင်မှုပေးသူ (များ) ၏ တာဝန် နှင့် ဝတ္တရားများ

(ဂ)လုံခြုံရေးဝန်ဆောင်မှုပေးသူများသည် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုပေးသူများ ၊ နိုင်ငံတကာကျင့်ဝတ်စည်းမျဉ်းများ [7] တွင် အသိအမှတ်ပြု လက်မှတ်ရေးထိုးထားသူများ (သို့မဟုတ်) ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုပေးသူများဆိုင်ရာ နိုင်ငံတော် (သို့မဟုတ်) နိုင်ငံတကာစံသတ်မှတ်ချက်များအရ အသိအမှတ်ပြုခံထားရသူများ ဟုတ် မဟုတ်

(ဃ) လုံခြုံရေးဝန်ဆောင်မှုပေးသူများနှင့် ထိတွေ့ခြင်း၊ အသုံးပြုခြင်းအပြင် လူ့အခွင့်အရေး နှင့် လာဘ်ပေးလာဘ်ယူဆန့်ကျင်ရေးလုပ်ငန်းများအတွက် ဆင့်ကဲဆင့်ကဲ စောင့်ကြည့်ခြင်း မူဝါဒများ သို့မဟုတ် လုပ်ဟန်များနှင့်ပတ်သက်၍ တိတိကျကျ ဖေါ်ညွှန်းထားသော အကျဉ်းချုပ်။ သာဓကအားဖြင့် စောင့်ကြည့်ကြပ်မတ်ခြင်း မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများ နှင့် လွတ်လပ်သောသီးခြားအဖွဲ့အစည်းတစ်ခုခုမှ လုံခြုံရေးဝန်ဆောင်မှုပေးသူများကို စစ်ဆေးပိုင်ခွင့်။ [8]

**၇။ မြေယာရယူအသုံးပြုခြင်း။** အစီရင်ခံစာတင်သွင်းသူ (အစီရင်ခံတင်သွင်းသူ၏ လက်ဓေခံလုပ်ငန်းများ အပါအဝင်) သည် (က) ဒေါ်လာ ၅ သိန်းထက်ပို တန်ဘိုးရှိသောအရာ (သို့မဟုတ်)မြေ (ခ) မြေကွက်ဧက ၃ဝ ကျော်ထက်ပို၍ ဝယ်ယူခြင်း၊ အသုံးပြုခြင်း (သို့မဟုတ်) ငှားရမ်းအသုံးပြုပါက အောက်ပါသတင်းအချက်အလက်များ ဖေါ်ပြရမည်။ ယခုအခန်း၏ ရည်ရွယ်ချက်သည် သက်ဆိုင်ရာမြေ (သို့မဟုတ်) မြေကွက်များအား ဝယ်ယူခြင်း၊အသုံးပြုခြင်း (သို့မဟုတ်) ငှားရမ်းအသုံးပြုခြင်းအား သီးခြားစီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် သတ်မှတ်ပြီး တန်းဘိုးငွေ ဒေါ်လာ ၅ သိန်း အထက် သို့မဟုတ် ဧက ၃ဝ ထက်ကျော်ပါက အစီရင်ခံတင်ပြရမည်။[9]

(က)မြေ (သို့မဟုတ်) မြေကွက်ပိုင်ဆိုင်မှု၊အသုံးပြုမှု အခွင့်အရေး၊ ဖယ်ရှားခြင်း၊ပြန်လည်နေရာချထားခြင်း သို့မဟုတ် အခြား ရပိုင်ခွင့်များအတွက် မူဝါဒများ (သို့မဟုတ်) လုပ်ထုံးလုပ်နည်းများကို တိတိကျကျ အကျဉ်းချုပ်ဖေါ်ပြရန်။

(ခ)မြေ (သို့မဟုတ်) မြေကွက်အား ဝယ်ယူခဲ့သော၊ အသုံးပြုနေသော၊ ငှားရမ်းအသုံးပြုနေသော မြို့၊ ပြည်နယ် သို့မဟုတ် ခရိုင်ဒေသကြီး (ဉပမာ မြစ်ကြီးနားမြို့၊ကချင်ပြည်နယ်)

(ဂ)မြေ (သို့မဟုတ်) မြေကွက် ရယူအသုံးပြုခြင်းနှင့် ပတ်သက်ပြီး ဒေသခံပြည်သူများအား ဖယ်ရှားခြင်း (သို့မဟုတ်) ပြန်လည်နေရာချထားခြင်းဆိုင်ရာ မကျေနပ်ချက်တိုင်ကြားခြင်းလုပ်ငန်းစဉ်များအပါအဝင် မူဝါဒများ (သို့မဟုတ်) လုပ်ထုံးလုပ်နည်းများ တိတိကျကျ အကျဉ်းချုပ်ဖေါ်ပြရန်။

(ဃ)ယခင်မြေအသုံးပြုသူ (သို့မဟုတ်) နေထိုင်နေသူ (ငှားရမ်းသူ နှင့် ပိုင်ရှင်များအပြင်) များအားပေးချေသည့် ငွေကြေး/ပစ္စည်း အလျော်ပေးခြင်း နှင့် ပတ်သက်၍ အစီရင်ခံစာတင်ပြသူသိရှိသော စီစဉ်ပေးမှုများ

(င)လူထု ဆန္ဒမပါပဲ ပြန်လည်နေရာချထားခြင်း (သို့မဟုတ်) ဖယ်ရှားခံရခြင်းနှင့်ပတ်သက်၍ အစီရင်ခံစာတင်ပြသူ သိရှိသော သတင်းအချက်အလက်

---

6 For the purposes of this report, the term "Security Service Providers" includes any individual or entity whose business activities include the provision of security services either on its own or on behalf of another. This includes the guarding or protecting (whether armed or unarmed) of individuals, objects, or activities, including by not limited to convoys, facilities, designated sites, property and other places, or any other activity for which the personnel carry or operate a weapon in the performance of their duties.

7 For list of signatories to the International Code of Conduct for Private Security Service Providers see: http://www.icoc-psp.org/uploads/Signatory_Companies_-_December_2012_-_Composite_List_SHORT_VERSION.pdf

8 For guidance for the extractives industry see the Voluntary Principles on Security and Human Rights found at the Appendix.

9 For guidance in reporting on this section see IFC Performance Standard 5 found at the Appendix.

**၈။ ပွင့်လင်းမြင်သာမှု။** အစီရင်ခံတင်သွင်းသူ (သို့မဟုတ်) ၎င်း၏ ကိုယ်စားတစ်ဦးဦးမှ မြန်မာအစိုးရအဖွဲ့အစည်းတခု (သို့မဟုတ်) လက်အောက်ခံ (သို့မဟုတ်) အစိုးရစီမံအုပ်ချုပ်ရေး အဖွဲ့အစည်း တခုခု (သို့မဟုတ်) အစီရင်ခံစာတင်သွင်းသူ၏ ရင်းနှီးမြုပ်နှံမှုအသစ်နှင့်ပတ်သက်ပြီး အစိုးရ၏ လုပ်ပိုင်ခွင့်အခွင့် အာဏာအပေါ် ၎င်းတို့ပိုင်ဆိုင်သည်ဟု တောင်းဆိုသည့် အစိုးရမဟုတ်သော အဖွဲ့အစည်းများထံသို့ နှစ်တစ်နှစ်အတွင်း ဒေါ်လာငွေ တစ်သောင်းအထက်ပေးရပါက အစီရင်ခံတင်ပြရမည်။
တစ်ဖွဲ့ချင်းစီသို့ပေးရသည့် ပမာဏတိုင်းကို အစီရင်ခံတင်ပြရမည်။ ထိုသို့တင်ပြရာတွင် ရာပြတ်စာခြင်း၊ အခွန်ဆောင်ခြင်း၊ ထုတ်ကုန်မျှဝေယူခြင်း နှင့် အဖိုးအခ များပါ အကျုံးဝင်သည်။[10] အကယ်၍ အစီရင်ခံစာ တင်သွင်းသည့်နှစ်အတွင်း အစီရင်ခံစာတင်သွင်းသူသည် အဖွဲ့အစည်းတစ်ခုအား စုစုပေါင်းတန်ဘိုး ဒေါ်လာ တစ်သောင်းအောက် ပေးပါက အစီရင်ခံတင်ပြစရာမလိုပေ။ အကယ်၍ စုစုပေါင်းပမာဏသည် ဒေါ်လာ တစ်သောင်းအထက်မရှိပါက "မရှိ" "အကျုံးမဝင်ပါ" သို့မဟုတ် တခြားသင့်လျော်ရာ တစ်ခုခုနှင့် ပြပါ။ ဤအစီရင်ခံတင်ပြခြင်း လိုအပ်ချက်သည် အစိုးရအဖွဲ့အစည်းများထံသို့ ပေးချေမှုများနှင့်ပတ်သက်၍ ဥပဒေကြောင်းအရ လိုအပ်သော အစီရင်ခံတင်ပြခြင်းအပြင် သီးခြား လိုအပ်ချက်လည်းဖြစ်သည်။
မှတ်ချက်။ အောက်တွင်ဖေါ်ပြထားသည့် နံပါတ် ၉ မှ ၁၁ အထိသည် အများပြည်သူအစီရင်ခံစာတွင် ထည့်သွင်းရန် မလို။ သို့သော် အစီရင်ခံစာတင်သွင်းသူက အများပြည်သူအစီရင်ခံစာတွင် ထည့်သွင်းလိုက ထည့်သွင်းနိုင်သည်။

**၉။ ဆက်သွယ်ရန်ဆုံမှတ်။** အစီရင်ခံစာပြင်ဆင်ရေးသားရန် တာဝန်ရှိသော လူတစ်ဦး (များ)၏ အမည်နှင့် ဆက်သွယ်ရန် သတင်းအချက်အလက်။ အမေရိကန်အစိုးရသည် နောက်ထပ်သတင်းအချက် အလက်သော် လည်းကောင်း ရှင်းလင်းချက်သော်လည်းကောင်း တောင်းခံကောင်း တောင်းခံနိုင်သည်။

**၁၀။ စစ်ရေးဆက်သွယ်မှုများ။** အစီရင်ခံစာတင်သွင်းသူ သို့မဟုတ် အစီရင်ခံစာတင်သွင်းသူအား ကိုယ်စားပြုသူ တစ်ဦးဦးသည် မြန်မာနိုင်ငံအတွင်း အစီရင်ခံစာတင်သွင်းသူ၏ ရင်းနှီးမြုပ်နှံမှုနှင့်ပတ်သက်၍ မြန်မာအစိုးရ လက်နက်ကိုင်တပ် သို့မဟုတ် တခြားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံခဲ့ခြင်းများ သို့မဟုတ် စာဖြင့်ဖြစ်စေ ၊ ဖုန်းဖြင့်ဖြစ်စေဆက်သွယ်မှုများ ရှိခဲ့ပါသလား။[11]ရှိပါက ဖေါ်ပြပါ။

(က) တွေ့ဆုံမှု (သို့မဟုတ်) ဆက်သွယ်မှု ဆောင်ရွက်ခဲ့သည့် နေ့စွဲ (များ)

(ခ) လူပုဂ္ဂိုလ်(များ)၏ အမည် (များ)၊ရာထူး နှင့် အဖွဲ့ (များ) နှင့်ဆက်စပ်မှု

(ဂ) တွေ့ဆုံမှု (သို့မဟုတ်) ဆက်သွယ်မှု၏ သဘာဝ နှင့် အကြောင်းရင်း။ (မှတ်ချက် ။ တူညီသော အကြောင်းအရာတစ်ခုတည်းအပေါ် ကြိမ်ဖန်များစွာ ပုံမှန်တွေ့ဆုံမှုရှိပါက အစီရင်ခံစာတင်သွင်းသူသည် သင့်လျော်သော ခေါင်းစဉ်တစ်ခုအောက်တွင် ရက်စွဲများ အစဉ်လိုက်ပြ၍ ဆွေးနွေးခဲ့သည့် အကြောင်းအရာ အကျဉ်းချုပ်ကို ဖေါ်ပြနိုင်သည်။)

**၁၁။ အန္တရာယ်ကာကွယ်ဟန့်တားခြင်းနှင့် လျော့ပါးစေခြင်း။** လူ့အခွင့်အရေး၊ အလုပ်သမားအခွင့်အရေး၊ လာဘ်ပေးလာဘ်ယူတိုက်ဖျက်ရေး နှင့် သဘာဝပတ်ဝန်းကျင်ကိစ္စရပ်များနှင့်ပတ်သက်၍ တွေ့ရှိရသည့် အန္တရာယ်ရှိမှုများ ၊သက်ရောက်မှုများကို အကျဉ်းချုပ်တင်ပြပါ။ ၎င်းသက်ရောက်မှုများကိုကာကွယ်ရန်၊ လျော့ပါးစေရန် နှင့် အန္တရာယ်ရှိမှု နည်းပါးစေရေး နည်းလမ်းများကို တင်ပြပါ။ အန္တရာယ်ရှိမှု ကာကွယ်ခြင်း၊ လျော့ပါးစေခြင်း မူဝါဒများ၊ လက်တွေ့ဆောင်ရွက်မှုများကို တင်ပြပါ။

*Public reporting burden for this collection of information is estimated to average 21 hours per

---

[10]For guidance for members of the extractives industry, see the Extractives Industry Transparency Initiative found at the Appendix.

[11]For the purposes of this report, the term "armed forces" and "armed groups" includes the armed forces of the Government of Burma, state-organized militias, and other armed state security forces, as well as non-state armed groups within Burma that are in conflict with or under ceasefires with the Government of Burma.

response, including time required for searching existing data sources, gathering the necessary documentation, providing the information and/or documents required, and reviewing the final collection. You do not have to supply this information unless this collection displays a currently valid OMB control number. If you have comments on the accuracy of this burden estimate and/or recommendations for reducing it, please send them to: Burma Country Officer, Bureau of Democracy Human Rights and Labor, Office of East Asia and Pacific Affairs, 2201 C Street NW, Washington, DC 20037 Or email to BurmaPRA@state.gov